

# ရှင်နွယ်ဟန်

## ချစ်ရပါသော ဦး

# အပိုင်း(၁)

"အီး ဟီး ဟင့် အဟင့် ရွတ် ဖတ် .."

ဒါကတော့ လဝန်းငယ်ဆိုတဲ့ မိန်းမလှလေး တစ်ယောက် ငိုနေခြင်း ဖြစ်သည် ။ မနက် မိုးလင်းကတည်းက ငိုနေတာ ခုထိ မတိတ် နိုင်သေး။ မိခင်ဖြစ်သူမှာ မနေသာတော့ပဲ အနားလာကာ ...

"သမီးလဝန်းငယ် ငိုလို့ မပြီးသေးဘူးလား တစ်မနက်ခင်းလုံး ငိုနေတာ ညဉ်းမျက်ရည်တွေ မကုန်သေးဘူးလား"

"အဟင့် ဟင့် အီး ဟီး .."

ပြောကာမှ ပိုလို့ ပင် ငိုနေတော့သည် ။ လဝန်းငယ် တစ်ယောက် အရမ်းကို ကြေကွဲ ဝမ်းနည်းနေသည် ။ မျက်ရည်များကလည်း သူမရဲ့ မျက်လုံးအိမ်ထဲမှ တစ်ဆင့် တဖြည်းဖြည်း စီးဆင်းကာ ကျလာသည် ။ လဝန်းငယ် တသိမ့်သိမ့် ရှိုက်ငိုရင်း ထွက်ကျလာတဲ့ နှပ်ချေးတွေကို လက်နဲ့ ညှစ်ထုတ်ကာ ဟိုပစ်ဒီပစ်။

"မိလဝန်း ဘာလို့ နှပ်တွေကို ဟိုပစ်ဒီပစ် လုပ်နေရတာလဲ နံရံတွေ ညစ်ပတ်ကုန်ပြီ"

"ဟင့် မေမေပဲ စဉ်းစားကြည့်လေ သမီး အဲဒီ ဦးစစ်မင်းရှိန်ဆိုတဲ့ လူကို လက်လည်း မထပ်ချင်ဘူး ယူလည်း မယူချင်ဘူး အမည်ကိုက စစ်မင်းရှိန်တဲ့ ဟွန့်ဘယ်လို နာမည်မှန်း မသိဘူး"

"မရဘူး သမီး လက်ထပ်ရမယ် နေစမ်းပါဦး သမီးရဲ့ သမီးက ဘာလို့ များ မောင်စစ်မင်းရှိန်ကို ခါးခါးသီးသီး ငြင်းနေရတာလဲ ... "

"ဟင့် မေမေကလည်း လဝန်းက ခုမှ ငယ်ငယ်လေး ရှိသေးတာကို ပြီးတော့ သူက လဝန်းထက်လည်း အသက်က ကြီးသေးတယ် ပြီးတော့ လည်း လဝန်းက ယောက်ျား မယူချင်သေးဘူး"

တသိမ့်သိမ့် ရှိုက်ငိုရင်း မိခင်ဖြစ်သူအား ပြောပြနေသည် ။

"ညည်းအပိုတွေ ပြောမနေနဲ့ လေကုန်တာပဲ ရှိမယ် မောင်စစ်မင်းရှိန် ကလည်း သမီး ပြောသလောက်လည်း အသက် မကြီးသေးပါဘူး သမီး ထက် ကိုးနှစ်လေးပဲ ကြီးတာပါ"

"မေမေနော် ဒီလောက် လဝန်းထက် အသက်အများကြီး ကြီးနေတာ ကို တကယ်တော့ သူက အဘိုးကြီး ဖြစ်နေပြီ"

"ဟဲ့ လဝန်းငယ် စကားကို ဆင်ဆင်ခြင်ခြင် ပြောစမ်း"

"အီးဟီး ဟင့် မေမေတို့ လုပ်ရပ်တယ် ဒီသမီးလေး တစ်ယောက်တည်း ရှိတာကို အတင်းယောက်ျား ပေးစားရက်တယ်"

"တိတ်စမ်း လဝန်းငယ် အသံပြဲကြီးနဲ့ အော်မနေနဲ့ "

လဝန်း နှပ်ချေးတွေကို လက်နဲ့ ညှစ်ထုတ်ပစ်ရင်း ... .

"ဟင့်အင်း သမီး အဲဒီလူကြီးကို လက်မထပ်နိုင်ဘူး"

ဒေါ်ခင်သက်ထား တစ်ယောက် သမီးကို ကြည့်လိုက်ရင်း ...

"မိဘက ကောင်းစေချင်လို့ စီစဉ်တာလေ ပြီးတော့ မောင်စစ်မင်းရှိန် က အစစအရာရာ တော်တဲ့ သူပါကွယ် ပြီးတော့လည်း မင်္ဂလာ ဖိတ်စာ တွေက ဝေပြီးနေပြီလေ သမီး ကလေးမဆန်ချင် စမ်းပါနဲ့ "

မေမေရဲ့ စကားကြောင့် လဝန်း မျက်လုံးလေး ပြူးသွားရကာ ...

"ဘယ်လိုမေမေ ဖိတ်စာတောင် ဝေပြီးပြီဟုတ်လား သမီးလည်း မသိရပါလား"

"ဒီမှာ သမီး မေမေ့စကားကို နားထောင်ပါကွယ် မေမေ့ သမီးလေးက လိမ္မာပြီးသားပဲ မနက်ဖြန်ကျရင် မောင်စစ်မင်းရှိန်က အမေရိကန်ကနေ လေယာဉ်နဲ့ ပြန်လာမှာ လေ သမီးနဲ့ မေမေက သွားကြိုပေးရမယ်"

"မေမေကလည်း သူ့မိသားစု သွားကြိုမှာ ပေါ့ အဲဒီ လူကြီးရဲ့ မျက်နှာကို မမြင်ချင်ပါဘူး မုန်းလွန်းလို့ "

"သမီးလဝန်း ကိုယ်လက်ထပ်ရမယ့် ယောကျ်ားကို ဘယ်လိုတွေ ပြောနေတာလဲ"

မိခင်ရဲ့ စကားကြောင့် လဝန်းက ...

"သမီးကမှန်တာ ပြောတာပဲကို အဲဒီလူကြီး ဘယ်လို ပုံစမ်းမှန်းမသိ သမီးက သမီးချစ်တဲ့ သူနဲ့ ပဲ လက်ထပ်ချင်တာ ဒါပေမဲ့ မေမေ စိတ်ဆင်းရဲအောင် သမီးမလုပ်ပါဘူး"

"သမီးရယ်"

လဝန်းမှာ ထိုလူကြီးအား လက်မထပ်ချင် သော်လည်း မိခင်ဖြစ်သူ စိတ်ဆင်းရဲမှာ စိုး၍ ခေါင်းညိတ် လက်ခံလိုက်သည် ။ မိခင်မှာ လည်း သမီးလေးအား ကြည့်ရင်း ...

"သမီး လဝန်းလေး မောင်စစ်မင်းရှိန် ကလည်း လူတော်လူကောင်းတစ်ယောက်ပါ မောင်စစ်မင်းရှိန်ကို လက်ထပ်ရတဲ့ အတွက် သမီးဘယ်တော့မှ နောင်တ မရစေရဘူး ဆိုတာ မေမေရဲရဲကြီး အာမခံပါတယ်"

လဝန်းတစ်ယောက် ထိုဦးနေမင်းရှိန်ကို မမြင်ဖူးပေမဲ့ နာမည်ကြားရုံဖြင့် စိတ်ထဲက မုန်းမိနေသည် ။ သူကဘာလို့ ငါနဲ့ လက်ထပ်ချင် ရတာလဲ။

"မေမေ"

"ဟင် ပြောလေ"

"သမီးလေ သူ့ကို လက်မထပ်လို့ မရဘူးလားဟင်"

"မရဘူး သမီး လက်ထပ်ရမယ် ပြောပြီးသား စကားကို ပြန်မပြောင်း ရဘူးလေ မေမေစီစဉ်တဲ့ ကိစ္စကို မညည်းပါနဲ့ သမီးရယ်"

လဝန်း သက်ပြင်းလေး အသာချရင်း ...

"မေမေက ဘာလို့ သမီးကို အဲဒီလူကြီးနဲ့ သဘောတူ ရတာလဲ"

ဒေါ်ခင်လေးမှာ သမီး လဝန်းအား ပြုံးပြရင်း ... .

"သမီးရယ် မောင်စစ်မင်းရှိန် ဆိုတာက သမီးရှိတဲ့ မိခင်တိုင်းက သမက်တော်ချင် နေကြတဲ့ သူတွေချည်းပဲလေ ဘာလို့ လဲ ဆိုတော့ သူက အစစအရာရာ ပြည့်စုံတဲ့ သူလေ"

"သူ့ဘာသာ ဘာပဲတော်နေနေ လဝန်းကတော့ နိုးပါ ဂရုမစိုက်ဘူး"

"လဝန်းငယ် ဂရုမစိုက်လို့ မရဘူးနော် သမီးဘဝရဲ့ လက်တွဲဖော်က မောင်စစ်မင်းရှိန်က လွဲပြီး ဘယ်သူမှ မဖြစ်ရဘူး"

လဝန်း မျက်ရည်များကို လက်တစ်ဖက်နဲ့ ပွတ်သုတ်ရင်း ...

"မေမေတို့ မတရားဘူး အဲဒီ ဦးစစ်မင်းရှိန်ဆိုတဲ့ သူက အသားဖြူလား မည်းလား ဘာတစ်ခုမှ မသိရပဲ သမီးက လက်ခံရမှာ ဆိုတော့"

"ဘာများ လဲလို့ မေမေ့သမီးလေးက လက်စသတ်တော့ မောင်စစ်

မင်းရှိန်ကို မမြင်ဖူးလို့ ကို မနက်ဖြန်ပဲ တွေ့ရတော့မယ်လေ"

"မေမေကလည်း လဝန်းက ... "

"သမီးပြောတဲ့ စကားကိုမေမေက သိပါတယ်ကွယ် ကဲငိုနေတာ ရပ်လိုက်တော့ ထမင်းစားကြ ရအောင် မေမေသမီးအကြိုက် ဟင်းတွေ ချက်ထားတယ်"

"ဟိုတကယ်နော် မေမေ"

"တကယ်ပေါ့ လာထ"

***